**စခန်းချ၊** ကြိ- ချ-။ ချကား-။ ချထွင်-။ ကိန်းခန်းချ-။ ဋ္ဌိကာချ-။ ဝိတ္တာရချ-။ ဗာရာဏသီချ-။ ဓာချ-။ ဇီဓာချ-။ ပုံကြီးချ-။ အကျယ်ချ-။ တစ်ဆိတ်ကိုတစ်အိတ်လုပ်-။

**စခန်းဆုံး၊** ကြိ- ခရီးဆုံး-။ လမ်းဆုံး-။ ဂိတ်ဆုံး-။

န- ခရီးဆုံး၊ လမ်းဆုံး၊ ဂိတ်ဆုံး၊ အဆုံး။

**စခန်းတွင်၊** ကြိ- ၁၊ ခရီးပေါက်-။ ခရီးတွင်-။ ခရီးရောက်-။ စခန်းပေါက်-။ လမ်းပေါက်-။ လမ်းသင့်-။ ၂၊ ခရီးရောက်-။ ခရီးတွင်-။ ခရီးပေါက်-။ တာသွား-။ တွင်-။ တွင်ကျင်-။ တွင်ကျယ်-။ ကုံတွင်-။ အလုပ်တွင်-။ အလုပ်ပြီး-။ ပြီး-။ ပြီးစီး-။ ကိစ္စပြတ်-။ ပေါက်မြောက်-။ ပြီးမြောက်-။ ဖြစ်မြောက်-။ အထမြောက်-။ အောင်မြင်-။ အဆင်ပြေ-။ အဆင်ချော-။ ချော-။ ဟန်ကျ-။ တာသွား-။ အကျိုးရှိ-။ အကျိုးများ-။ အရာရောက်-။ ထိမိ-။ ထိရောက်-။ ပေါက်ရောက်-။ လိုရာရောက်-။ လိုရင်းရောက်-။ လမ်းပေါက်-။ လမ်းပွင့်-။ အိုကေ-။

**စခန်းထ၊** ကြိ- ၁၊ (ခရီး) ဆက်-။ ဆန့်-။ ဆက်ထွက်-။ ဆက်လက်ထွက်ခွာ-။ ၂၊ ပေါ်-။ ပေါ်ထွက်-။ ထွက်ပေါ်-။ ပေါ်ပေါက်-။ ပေါ်ထွန်း-။ ခေတ်စား-။ ခေတ်ထ-။ ၃၊ တစ်စခန်းထ-။ ထကြွ-။ သောင်းကျန်း-။

**စခန်းထောက်၊** ကြိ- စခန်းချ-။ နားခို-။

**စခန်းထောင့်၊** ကြိ- ခရီးဖင့်-။ လမ်းထောင့်-။ ထောင့်-။ ခရီးမတွင်။

**စခန်းပေါက်၊** ကြိ- ၁၊ စခန်းတွင်-။ ခရီးပေါက်-။ ၂၊ **စခန်းတွင်**-။ အလုပ်တွင်-။

**စခန်းသင့်၊** ကြိ- ၁၊ ကြုံ-။ ကြုံကြိုက်-။ ကြုံတွေ့-။ တွေ့ကြုံ-။ ဆုံ-။ ဆုံစည်း-။ တွေ့ဆုံ-။ ဆုံတွေ့-။ ၂၊ ခရီးသင့်-။ လမ်းသင့်-။

**စခန်းသိမ်း၊** ကြိ- စခန်းသတ်-။ အပြီးသတ်-။ အဆုံးသတ်-။ လက်စသတ်-။ လက်စသိမ်း-။ လက်စတုံး-။ လက်စဖြတ်-။ နိဂုံးချုပ်-။ နိဋ္ဌိတံ-။ နိဂုံးကမွတ်အဆုံးသတ်-။ ဖြတ်-။ ပြီးဆုံး-။ ဓာတ်သိမ်း-။